ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ သောကြာနေ့ (12-11-2010) (၆၅၈၀)

# ဆင္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက ၄၇ ပါးစုံညီ ဒွါဒသမ အစည်းအဝေးကို (၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နှင့် ၇ ရက်) နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်(စနေ၊ တနင်္ဂနွေ)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် (၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်) နိုဝင်ဘာ ၂၃ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီ မရောက်ရှိပါက အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက် ကြွရောက်တော်မူကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများ တက်ရောက်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မကြာမီကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၂၅/၂၀၁၀)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၂၅/၂၀၁၀)
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးခင်မောင်ညို | ၂/လကန(နိုင်)၀၄၂၂၂၄ | လွိုင်ကော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးစိုးရယ် | ၂/ဒမဆ(နိုင်)၀၁၃၉၃၁ | ဒီမောဆို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးအူးရယ်(ခ) ဦးဦးရယ် | ၂/ဖရဆ(နိုင်)၀၀၁၉၃၂ | ဖရူဆို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဒေါ်နန်းနွံ | ၂/ရတန(နိုင်)၀၀၁၈၅၄ | ရှားတော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးအေးမောင် | ၂/ဘလခ(နိုင်)၀၀၀၄၁၆ | ဘောလခဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးရဲထွဋ်တင် | ၂/လကန(နိုင်)၀၇၅၄၂၄ | ဖားဆောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးကျော်ခိုင်ဝင်း | ၂/ဖဆန(နိုင်)၀၀၅၆၄၁ | မဲ့စဲ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၈) | ဦးကြည်မင်း | ၁၀/မလမ(နိုင်)၀၁၉၆၉၇ | ထားဝယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဒေါက်တာ ကျော်ကျော်ဌေး | ၆/ထဝန(နိုင်)၀၁၁၅၆၁ | လောင်းလုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးကင်းစိန် | ၆/ထဝန(နိုင်)၀၀၇၀၄၂ | သရက်ချောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးဝင်းဦး | ၁၂/ကမရ(နိုင်)၀၅၁၈၉၈ | ရေဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဝဏ္ဏကျော်ထင် ဦးဌေးမြင့် | ၁၂/လမတ(နိုင်)၀၀၉၉၆၀ | မြိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးမောင်လှ(ခ) ဦးလှမြင့် | ၁၂/ဗဟန(နိုင်)၀၅၀၀၆၃ | ပုလော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးယုံဘီး | ၆/တသရ(နိုင်)၀၁၂၂၄၀ | တနင်္သာရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးမြင့်ထွန်း | ၁၃/ဖခန(နိုင်)၀၃၈၆၅၇ | ကော့သောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးအောင်လင်းလှိုင် | ၆/ဘပန(နိုင်)၀၀၂၆၃၈ | ဘုတ်ပြင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁၇) | ဦးကြင်သိန်း | ၇/ပခန(နိုင်)၁၈၇၅၆၀ | ပဲခူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးအုံကြီး | ၇/သနပ(နိုင်)၀၆၃၇၇၉ | သနပ်ပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ The Mirror
၁၂-၁၁-၂၀၁၀
(သောကြာနေ့)

## ဖွံ့ဖြိုးတိုးတက်စည်ပင် မြန်မာ့ကျေးလက်တစ်ခွင်

နိုင်ငံလူဦးရေ၏ အများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ခိုင်မာရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် ဖွံ့ဖြိုးရေးအခြေခံလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်စီးပွားတိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ ဖြစ်သည်။

ဒေသအလိုက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ပေးနေပြီ။ မြစ်ကူးချောင်းကူးတံတားများစွာကို တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်နေပြည်သူများ သွားရေးလာရေးလွယ်ကူလာပြီ။ ဒေသထွက်ကုန်ရောင်းဝယ်မှုများ မြန်ဆန်လာသည်။ ကျေးလက်ဒေသများသည် မြို့ပြနှင့်ဆက်စပ်၍ ဖွံ့ဖြိုးတိုးတက်နေကြပြီ။

ကျေးလက်ဒေသအများအပြား၌ အခြေခံပညာကျောင်းများ၊ ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာ ကျေးလက်ဒေသနေ လူငယ်လူရွယ်များ ပညာသင်ကြားနိုင်မှုအခွင့်အလမ်း တိုးတက်ရရှိနေကြပြီ။ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၊ ကျောက်ကာရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲ၊ ဖက်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲတို့ကို မကြာသေးမီက ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ အထက်တန်းပညာသင်ယူရေး အကျိုးပြုနေပေပြီ။

ဒေသအလိုက် တိုက်နယ်ဆေးရုံသစ်များ၊ ဆေးကုသဆောင်၊ ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေး အဆောက်အအုံများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်လျက်ရှိသည်။ ထို့အတူ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေး စီမံဖြည့်ဆည်းပေးနိုင်မှုကြောင့် အပူပိုင်းဒေသ တိုင်းဒေသကြီးသုံးခုရှိ ကျေးရွာပေါင်းရှစ်ထောင်ကျော်နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျေးရွာပေါင်းတစ်သောင်းကျော်တွင် သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနေကြပေပြီ။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။ ဒေသခံပြည်သူများနှင့် စေတနာရှင်၊ အလှူရှင်များကလည်း ငွေအား လူအား စေတနာအားဖြင့် ပါဝင်ကူညီနေကြသည်။ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အစဉ်အလာကောင်း၊ စေတနာကောင်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်စည်ပင်နေသော မြန်မာ့ကျေးလက်တစ်ခွင်ကို တွေ့မြင်နိုင်ကြပြီဖြစ်ပါသည်။ ။



နိုဝင်ဘာ ၁၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းလှူဒါန်းသော မိုင်းကိုင်ကျေးရွာအုပ်စု စာကြည့်တိုက်အတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## အထက(၂)တာမွေ မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

အထက(၂)တာမွေ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက် (ဗုဒ္ဓဟူးနေ့) (အမျိုးသားနေ့) နံနက် ၁၁ နာရီတွင် အထက(၂)တာမွေ (အုန်းတောခန်းမ)၌ ကျင်းပမည်ဖြစ်ရာ အမှုထမ်းသက် ငါးနှစ်နှင့်အထက်၊ အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်အပူဇော်ခံကြပါရန် (သီးခြားဖိတ်စာမပို့ပါ)နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း ဆရာကန်တော့ပွဲသို့ တက်ရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများထည့်လိုပါက ဦးလှသောင်းဦး ဖုန်း-၅၅၂၂၉၂၊ ဒေါ်ခင်အုန်းမြင့် ဖုန်း-၀၉-၅၁-၆၀၁၉၁၊ ဒေါ်နီနီစိုး ဖုန်း-၅၄၀၇၃၈၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇၊ ကိုသန်းနိုင်ဦး ဖုန်း-၇၃၀၄၇၄၈၂နှင့် ဒေါ်တင်မြင့်ဝင်း ဖုန်း-၅၄၄၉၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

| | |
|---|---|
| **ပြည်သူ့သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရွှေပြည်သာမြို့နယ် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၁

**ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းသည် နိုဝင်ဘာ ၈ ရက်တွင် တိုင်းစစ်ဌာနချုပ် တည်းကုန်းမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံက မွေးမြူရေးစခန်း၌ ဥစားကြက် မွေးမြူထားရှိမှု အခြေအနေ၊ ငါးမွေးမြူထားရှိမှု အခြေအနေနှင့် ဝက်မွေးမြူထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် တိုင်းမှူးသည် ငါးကန်များ၌ ငါးမွေးမြူထားရှိမှုနှင့် ဥစားကြက်မွေးမြူထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးနှင့် ရွှေတံခါးလမ်းဆုံနေရာ ယာယီရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်က ရွှေပြည်သာ ဓာတ်အားဖြန့်ဖြူးမှုစနစ်နှင့် ပြန်လည်ပြုပြင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ရွှေပြည်သာ-လှော်ကား၊ ဝါးတစ်ရာ၊ ရွှေလင်ပန်းစက်မှုဇုန် ဓာတ်အားလိုင်းနှင့် ရွာမသံမဏိစက်ရုံ၊ ရွှေပြည်သာ ဓာတ်အားလိုင်းတို့ လိုင်းဆုံနေရာ ပြုပြင်နေမှုအခြေအနေနှင့် ရွှေပြည်သာ-လှော်ကားသဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် မှော်ဘီတပ်နယ်ခန်းမသို့ ရောက်ရှိ၍ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်များနှင့် တွေ့ဆုံ၍ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပန်းတနော်အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပန်းတနော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူပြီးကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း မြတ်ပညာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဒေါက်တာအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၀၂၁၄၁၊ ဦးအောင်ထွန်း ဖုန်း-၂၄၂၂၄၉၊ ၂၅၃၅၄၉၊ ဦးထွန်းထွန်း ဖုန်း-၂၈၄၈၉၆၊ ဦးတင်ညွန့် ဖုန်း-၆၄၁၈၂၉၊ ဒေါ်မြသန်းနှင့် ညီအစ်မများ ဖုန်း-၂၀၀၀၉၆၊ ဦးမြင့်ဆွေ ဖုန်း-၂၀၀၇၄၇(EX-၁၄၁၀)နှင့် ဒေါ်မြရီ ကျောင်းအုပ်ဆရာမကြီး (ပန်းတနော် အထက) ဖုန်း-၀၄၆-၃၀၃၈၁၊ ဦးစိန်ဝင်း ဖုန်း-၀၄၆-၃၀၀၈၉၊ ဦးတင်စိုး ဖုန်း-၀၄၆-၃၀၂၅၅၊ ဦးအေးမြင့် ဖုန်း-၀၄၆-၃၀၃၆၈၊ ဦးခင်မောင်ဇော် ဖုန်း-၀၄၆-၃၀၂၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (စာပေနှင့်စာနယ်ဇင်း)



ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၃) သီဟတပ်ခွဲ အရာရှိနှင့် ဇနီး မိသားစုများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် အလှူငွေကျပ် ၇၂၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

## PARKROYAL Yangon ၏ လူငယ်ပန်းချီပြိုင်ပွဲ ၂၀၁၀ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

PARKROYAL Yangon ၏ လူငယ်ပန်းချီပြိုင်ပွဲ ၂၀၁၀ ကျင်းပရေးနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ PARKROYAL Yangon Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ PARKROYAL Yangon Hotel Communications Manager ဒေါ်အိအိငယ်က ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

PARKROYAL Yangon ၏ လူငယ်ပန်းချီပြိုင်ပွဲ ၂၀၁၀ ကို ယခင်နှစ်များအတိုင်း ကျင်းပသွားမည်ဖြစ်ရာ ယခုနှစ်တွင် နိုင်ငံတကာအသိအမှတ်ပြု အနုပညာအဖွဲ့အစည်းကျောင်းတစ်ကျောင်းဖြစ်သော “The Nanyan Academy of Fine Art (NAFA) Singapore” က အကဲဖြတ်ဒိုင်ချုပ် အဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံမှ ပန်းချီပညာရှင်ကြီးများကပါ အကဲဖြတ်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သော "RV! Centre International" ကလည်း ပါဝင်ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို မြန်မာလူငယ်များ၏ ပန်းချီအနုပညာစွမ်းရည်ကို ပျိုးထောင်မြှင့်တင်ပေးရန်နှင့် ဒေသအသီးသီးရှိ လူမှုအဖွဲ့အစည်းနှင့် ယဉ်ကျေးမှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲ၏ခေါင်းစဉ်မှာ "My Myanmar" “ချစ်မြတ်နိုးစရာတို့မြန်မာ” ဖြစ်ပြီး အသက် ၁၄ နှစ်မှ ၂၀ နှစ်အတွင်းရှိ မြန်မာနိုင်ငံအတွင်းနေထိုင်သူ မြန်မာနိုင်ငံသားများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပါဝင်ယှဉ်ပြိုင်သူများ အသုံးပြုရမည့်ဆေး၊ စာရွက်အမျိုးအစားနှင့် ပန်းချီကားအရွယ်အစားမှာ Water Color on Paper ፡ 15" x 20" ၊ Oil/Acrylic on Canvas ፡ 18"x 24" ဖြစ်ပြီး ပထမဆု FEC 800 နှင့် Artists, Oil Color Wood Box Set worth FEC 200၊ ဒုတိယဆု FEC 500 နှင့် Acrylic Color Wood Box Set worth FEC 80၊ တတိယဆု FEC 300 နှင့် Acrylic Color Wood Box Set worth FEC 80 ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြိုင်ပွဲစည်းကမ်းများမှာ ပြိုင်ပွဲဝင်တစ်ဦးလျှင် ကိုယ်ပိုင်စိတ်ကူးဖြင့် ရေးဆွဲထားသည့် မြန်မာတို့၏ ချစ်မြတ်နိုးစရာများကို ထင်ဟပ်ပေါ်လွင်စေသော ပန်းချီကား တစ်ကားစီသာ တင်သွင်းယှဉ်ပြိုင်ရမည်။ ပန်းချီကားအမည်၊ အသုံးပြုသော Medium အမျိုးအစား၊ ပြိုင်ပွဲဝင်သူ၏အမည်၊ အဘအမည်၊ မွေးနေ့(ရက်၊လ၊နှစ်)၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်တို့ကို ပန်းချီကား၏ နောက်ကျောဘက်တွင် ရေးသားဖော်ပြရမည်။ တစ်လအတွင်း ရိုက်ထားသော ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံကို ပူးတွဲပေးပို့ရမည်။ ရွေးချယ်ခံရသော ပန်းချီကားကို PARKROYAL Yangon မှ မူပိုင်အဖြစ် ထိန်းသိမ်းထားရှိပြီး PARKROYAL Yangon ၏ ကြော်ငြာနှင့် အခြား Publicity Campigns တွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပန်းချီကားများကို ဒီဇင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ PARKROYAL Yangon အမှတ် (၃၃) အလံပြဘုရားလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၊ MCTA အမှတ် ၆၉ (၂) (၅၃)လမ်းနှင့် (၃၇)လမ်းကြား မန္တလေးမြို့၊ ဒေါ်မို့မို့သီတာ (ဘော်ဒါ) အမှတ် (၁၀၀) ဝန်ကြီးလမ်း သစ်တောရပ်ကွက် တောင်ကြီးမြို့နှင့် စွမ်းအင်ဘော်ဒါအမှတ် (၁၈၃) (၁၁)လမ်း (၄) ရပ်ကွက် ပြင်ဦးလွင်မြို့တို့သို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်ကို ဖုန်း-၉၅၁-၂၅၀၃၈၈၊ လိုင်းခွဲ ၈၁၁၆နှင့် ၈၁၂၃ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)





**PARKROYAL Yangon ၏ လူငယ်ပန်းချီပြိုင်ပွဲ ၂၀၁၀ နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၃) သီဟတပ်ခွဲ အရာရှိနှင့် ဇနီး မိသားစုများက ကျဆုံး/ကွယ်လွန်ခဲ့ကြသော အရာရှိများအတွက် ရည်စူး၍ အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ တက်ရောက်ကုသမှု ခံယူနေကြသော သံဃာတော်နှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်တို့အတွက် ငွေကျပ် ၇၂၅၀၀၀ ကို ပဒေသာပင်စိုက်ထူ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁၉) | ဦးဝင်းစိန် | ၁၀/မဒန(နိုင်)၀၃၁၀၅၇ | ကဝ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးမြင့်ရွှေ | ၇/ဝမန(နိုင်)၀၀၃၅၉၁ | ဝေါ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးစိုးမြင့် | ၁၂/ဥကတ(နိုင်)၁၅၂၃၉၂ | ညောင်လေးပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဒေါက်တာခင်မောင်ဆွေ | ၇/ညလပ(နိုင်)၀၇၅၈၆၄ | ကျောက်တံခါး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးမင်းဆွေ | ၆/ပလန(နိုင်)၀၀၃၉၃၇ | ဒိုက်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးတင်ထွန်း | ၇/ရကန(နိုင်)၀၀၂၄၅၁ | ရွှေကျင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၅) | ဦးအောင်မင်း | ၉/မထလ(နိုင်)၁၆၀၉၅၃ | တောင်ငူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးမျိုးသန့် | ၇/ရတရ(နိုင်)၀၁၇၅၉၃ | ရေတာရှည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးဉာဏ်ဆွေဝင်း | ၇/ကကန(နိုင်)၀၀၄၄၄၅ | ကျောက်ကြီး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၈) | ဦးညွန့်လှိုင် | ၁၂/မဂတ(နိုင်)၀၁၄၄၁၅ | ဖြူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးညီညီမြင့် | ၇/ပခန(နိုင်)၁၁၉၇၂၀ | အုတ်တွင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးဝင်းတင် | ၇/ထတပ(နိုင်)၀၀၃၉၈၄ | ထန်းတပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးဝင်းမြင့် | ၇/ပမန(နိုင်)၀၆၁၄၀၁ | ပြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးအေးဟန် | ၇/ပခတ(နိုင်)၀၁၂၁၇၉ | ပေါက်ခေါင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးခင်ဝင်း | ၁၃/မပန(နိုင်)၀၀၀၂၅၅ | ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးအောင်မြင့်သိန်း | ၇/ပတတ(နိုင်)၀၆၇၂၈၆ | ပေါင်းတည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဦးစိုးအောင် | ၇/သကန(နိုင်)၀၀၄၀၉၆ | သဲကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဒေါက်တာဒေါ်အေးမြင့် | ၁၂/လမန(နိုင်)၀၂၈၉၇၇ | ရွှေတောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးမောင်မောင်(ခ) ဦးခင်မောင်ဝင်း | ၇/သဝတ(နိုင်)၀၅၇၃၈၉ | သာယာဝတီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဒေါက်တာဝင်းမြင့် | ၁၃/တကန(နိုင်)၁၁၅၂၀၆ | လက်ပံတန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးမောင်တိုး | ၃/ဘအန(နိုင်)၀၁၃၁၃၃ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးတင်ထွေး | ၇/အဖန(နိုင်)၀၄၄၈၆၇ | အုတ်ဖို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးခင်မောင်မြင့် | ၇/ဇကန(နိုင်)၀၀၂၈၉၂ | ဇီးကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးရဲထွဋ်ဦး | ၇/နတလ(နိုင်)၀၀၁၁၇၂ | နတ်တလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးနန်းဦး | ၇/မညန(နိုင်)၀၃၅၈၆၂ | မိုးညို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးသန့်ဇင် | ၇/ကပက(နိုင်)၀၀၅၂၅၂ | ကြို့ပင်ကောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၄၅) | ဦးဇော်မင်း | ၇/ပတန(နိုင်)၀၀၂၇၇၇ | မကွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဒေါ်ဝင်းမော်ထွန်း | ၈/ရနခ(နိုင်)၀၁၁၀၆၇ | ရေနံချောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဦးသိန်းလွင် | ၁၂/လသန(နိုင်)၀၁၀၁၁၃ | ချောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးသန်းဝင်း | ၈/တတက(နိုင်)၀၀၆၀၀၉ | တောင်တွင်းကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးမြင့်သူ | ၈/မသန(နိုင်)၀၂၂၃၇၅ | မြို့သစ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) | ဦးအောင်ကျော်စိုး | ၈/နမန(နိုင်)၀၀၁၄၅၇ | နတ်မောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ဦးအေးသူ | ၈/မဘန(နိုင်)၀၁၀၅၃၆ | မင်းဘူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) | ဒေါက်တာမောင်မောင်ဌေး | ၉/မရတ(နိုင်)၁၀၄၅၂၂ | ပွင့်ဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၃) | ဦးခင်မောင်လွင် | ၈/စလန(နိုင်)၀၀၈၆၈၇ | စလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၄) | ဦးမြင့်ဌေး | ၈/ငဖန(နိုင်)၀၀၁၈၀၆ | ငဖဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၅) | ဦးသန်းထွန်း | ၈/စတရ(နိုင်)၀၀၄၂၂၅ | စေတုတ္တရာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၆) | ဦးဝင်းကျော် | ၈/သရန(နိုင်)၀၃၇၀၃၀ | သရက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၇) | ဦးပိုက်ထွေး | ၁၂/ပဇတ(နိုင်)၀၃၁၆၅၀ | ကံမ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၈) | ဦးစိုးနိုင် | ၈/မတန(နိုင်)၀၁၆၃၆၂ | မင်းတုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၉) | ဦးဝင်းတင် | ၈/မလန(နိုင်)၀၀၂၆၆၃ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၀) | ဦးအေးနိုင် | ၁၂/ကမရ(နိုင်)၀၂၈၂၃၃ | ဆင်ပေါင်ဝဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၁) | ဦးကိုကိုထွန်း | ၁၂/စခန(နိုင်)၀၅၂၆၃၂ | အောင်လံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၂) | ဦးစောလှ | ၁၂/မဂဒ(နိုင်)၀၂၀၈၉၃ | ပခုက္ကူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၃) | ဦးစိုးမောင် | ၁၂/ဗဟန(နိုင်)၀၃၉၆၀၁ | ရေစကြို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၄) | ဦးသိန်းထွန်း | ၃/ဘအန(နိုင်)၀၀၆၀၀၇ | မြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၅) | ဦးခင်မောင်ညို | ၈/ပမန(နိုင်)၀၀၀၁၅၁ | ပေါက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၆) | ဦးရှိန်ကျော်ဝင်း | ၈/မကန(နိုင်)၀၁၄၂၇၀ | ဆိပ်ဖြူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၆၇) | ဦးအောင်မြင့် | ၈/ဂဂန(နိုင်)၀၂၀၂၃၉ | ဂန့်ဂေါ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၈) | ဦးခင်မောင်ဌေး | ၈/ဆမန(နိုင်)၀၂၄၂၈၂ | ထီးလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၉) | ဦးဌေးမောင် | ၈/ဆမန(နိုင်)၀၁၇၇၁၀ | ဆော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၇၀) | ဦးကိုကြီး | ၉/မနမ(နိုင်)၀၉၇၇၃၆ | အောင်မြေသာစံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၁) | ဒေါက်တာကျော်မြင့် | ၁၂/ဗဟန(နိုင်)၀၇၈၉၃၅ | ချမ်းအေးသာစံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၂) | ဒေါက်တာမြအေး | ၉/မဟမ(နိုင်)၀၁၈၅၃၁ | မဟာအောင်မြေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၃) | ဦးတင်မောင် | ၉/မရတ(နိုင်)၀၀၆၇၈၈ | ချမ်းမြသာစည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၄) | ဦးမောင်ကို | ၁/မကတ(နိုင်)၀၃၃၄၉၁ | ပြည်ကြီးတံခွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၅) | ဦးအောင်သန့် | ၉/ပသက(နိုင်)၀၀၃၇၁၀ | ပုသိမ်ကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၆) | ဦးသိန်းထွန်းဦး | ၉/အမရ(နိုင်)၀၁၃၄၁၁ | အမရပူရ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၇) | ဦးသောင်း | ၁၂/သဃက(နိုင်)၀၁၂၈၇၀ | ကျောက်ဆည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၈) | ဦးကြည်ပြုံး | ၉/စကတ(နိုင်)၀၅၆၉၅၄ | စဉ့်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇၉) | ဦးကြည်မောင် | ၉/မသန(နိုင်)၀၀၇၈၇၉ | မြစ်သား | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၀) | ဦးတင်အေး | ၆/မအရ(နိုင်)၀၃၇၃၄၂ | တံတားဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၁) | ဦးအောင်ကြိုင် | ၉/ညဥန(နိုင်)၀၂၈၈၃၂ | ညောင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၂) | ဒေါက်တာမြင့်အောင် | ၉/မမန(နိုင်)၀၁၃၄၃၂ | ပြင်ဦးလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၃) | ဦးအောင်ဆန်း | ၉/စကန(နိုင်)၀၁၇၀၉၉ | စဉ့်ကူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၄) | ဦးဘဌေး | ၉/မကန(နိုင်)၀၁၂၅၂၁ | မိုးကုတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၅) | ဦးပြည့်မောင် | ၉/မမန(နိုင်)၀၃၆၀၂၅ | မတ္တရာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၆) | ဦးခင်မောင်ညွန့် | ၉/သပက(နိုင်)၀၃၁၈၂၈ | သပိတ်ကျင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၇) | ဦးလှထွန်း | ၁၂/လကန(နိုင်)၀၃၇၃၂၆ | ကျောက်ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၈) | ဦးဝင်းမြင့် | ၉/မခန(နိုင်)၀၂၁၀၀၉ | မြင်းခြံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈၉) | ဦးအောင်သောင်း | ၁၃/ကလန(နိုင်)၀၁၁၈၄၉ | တောင်သာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉၀) | ဦးဉာဏ်ထွန်းအောင် | ၉/မထလ(နိုင်)၀၀၉၅၁၉ | နွားထိုးကြီး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉၁) | ဒေါက်တာမြဦး | ၉/မရမ(နိုင်)၀၃၈၁၁၃ | ငါန်းဇွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉၂) | ဦးဘိုနီ | ၉/ရမသ(နိုင်)၀၀၅၆၃၃ | ရမည်းသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❐

❒ စာမျက်နှာ ၃ မှ

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၉၃) | ဦးမြင့်စိုး | ၉/ပဘန(နိုင်)၀၁၁၅၆၀ | ပျော်ဘွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၄) | ဦးသိန်းအောင် | ၁၂/ဗဟန(နိုင်)၀၇၁၀၈၇ | မိတ္ထီလာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၅) | ဦးအေးမောက် | ၁၂/ကမရ(နိုင်)၀၃၅၂၂၃ | မလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၆) | ဦးသန်းစိုး | ၉/သစန(နိုင်)၀၀၄၂၇၈ | သာစည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉၇) | ဦးသန်းမြင့် | ၉/ဝတန(နိုင်)၁၁၁၈၀၂ | ဝမ်းတွင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**မွန်ပြည်နယ်**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၉၈) | ဒေါ်မိယဉ်ချမ်း | ၃/ကကရ(နိုင်)၀၆၉၈၃၇ | ကျိုက်မရော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ်**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၉၉) | ဦးစိုင်းမြင့်အေး | ၁၃/လရန(နိုင်)၀၃၅၄၄၂ | လားရှိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀၀) | ဦးထွန်းဆာ(ခ) ဦးစိုင်းထွန်းဝင်း | ၁၃/တယန(နိုင်)၀၀၂၁၉၂ | တန့်ယန်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၀၁) | ဦးစိုင်းသီဟကျော်(ခ) ဦးစိုင်းဟပ် | ၁၃/မရတ(နိုင်)၀၀၀၀၃၄ | မိုင်းရယ် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၀၂) | ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ | ၁၃/ကမန(နိုင်)၀၀၉၈၂၄ | ကျောက်မဲ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၀၃) | ဦးရဲထွန်း(ခ) ဦးမင်းထွန်း | ၁၃/သပန(နိုင်)၀၀၅၉၅၂ | သီပေါ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၀၄) | ဦးကျော်မြင့် | ၁၃/နခတ(နိုင်)၀၄၃၃၇၇ | နောင်ချို | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀၅) | ဦးစိုင်းအောင်လှ | ၁၃/နမတ(နိုင်)၀၀၂၄၇၈ | နမ္မတူ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၀၆) | ဦးကျော်မြင့်(ခ) ဦးဖိုးတုတ် | ၁၃/မမတ(နိုင်)၀၀၄၅၃၆ | မိုးမိတ် | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၀၇) | ဦးမြင့်လှိုင် | ၁၃/မဘန(နိုင်)၀၀၁၆၆၂ | မဘိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀၈) | ဦးဟော်ရှောက်ချမ်း | ၁၃/ကလတ(နိုင်)၀၀၆၅၆၀ | ကွမ်းလုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀၉) | ဦးကျင်ဝမ်း | ၁၃/ဟပတ(နိုင်)၀၀၅၉၄၉ | ဟိုပန် | "ဝ"ဒီမိုကရက်တစ်ပါတီ |
| (၁၁၀) | ဦးစိုင်းဘိုးအောင် | ၁၃/မဆတ(နိုင်)၀၀၀၆၄၇ | မူဆယ် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၁၁) | ဒေါက်တာ စိုင်းကျော်အုန်း | ၁၃/နခန(နိုင်)၀၀၃၁၉၇ | နမ့်ခမ်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၁၂) | ဦးတီခွန်မြတ် | ၁၃/ကခန(နိုင်)၀၀၃၉၂၉ | ကွတ်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၃) | ဦးစတီဖန် | ၁၃/ကတန(နိုင်)၀၁၁၂၉၃ | ကျိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၄) | ဦးစဲကီကော် | ၁၃/မခန(နိုင်)၀၀၀၃၃၀ | မိုင်းခတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၅) | ဦးတင်ဝင်း | ၉/ရမသ(နိုင်)၀၃၉၄၃၁ | မိုင်းယန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၆) | ဦးစိုင်းခတ္တိယ | ၁၃/မဆန(နိုင်)၀၁၂၃၅၁ | မိုင်းဆတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၇) | ဦးစိုင်းထွန်းစိန် | ၁၃/မပတ(နိုင်)၀၀၁၀၆၇ | မိုင်းပြင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၈) | ဦးစိုင်းအောင်ကြည် | ၁၃/မတန(နိုင်)၀၀၅၈၇၇ | မိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁၉) | ဦးစိုင်းသိန်းအောင် | ၁၃/ကမန(နိုင်)၀၉၂၀၅၂ | တာချီလိတ် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၁၂၀) | ဦးစိုင်းကျောက် | ၁၃/မဖန(နိုင်)၀၀၁၄၀၈ | မိုင်းဖြတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၁) | ဦးစိုင်းစောတင် | ၁၃/မယတ(နိုင်)၀၁၀၂၃၁ | မိုင်းယောင်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |

**ဧရာဝတီတိုင်းဒေသကြီး**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁၂၂) | ဦးသန်းထွန်း | ၁၄/ပသန(နိုင်)၁၅၂၂၉၇ | ပုသိမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၃) | ဦးကျော်ဝင်း | ၁၄/မမက(နိုင်)၀၀၂၂၄၂ | ကန်ကြီးထောင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၄) | ဦးဝင်းသန်း | ၁၂/မဂဒ(နိုင်)၀၅၃၆၆၉ | သာပေါင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၅) | ဒေါ်ခင်သန်းမြင့် | ၁၄/ငပတ(နိုင်)၀၀၇၈၂၅ | ငပုတော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၆) | ဒေါက်တာစိုးသူရ | ၁၄/ကပန(နိုင်)၀၂၅၆၀၂ | ကျုံပျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၇) | ဦးမောင်မောင်တင် | ၁၄/ရကန(နိုင်)၀၁၄၁၃၁ | ရေကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၈) | ဦးသိန်းထွန်း | ၁၄/ပသရ(နိုင်)၀၀၉၈၄၇ | ကျောင်းကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂၉) | ဦးဌေးဦး | ၁၀/ကထန(နိုင်)၀၀၉၃၂၅ | ဟင်္သာတ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၀) | ဦးတင်ထွတ် | ၃/ဘအန(နိုင်)၀၁၀၀၄၆ | ဇလွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၁) | ဦးဘဌေး | ၁၄/လမန(နိုင်)၀၁၈၀၄၅ | လေးမျက်နှာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၂) | ဦးသန်းဌေး | ၁၂/ရကန(နိုင်)၀၀၇၉၁၆ | မြန်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၃) | ဒေါက်တာ တင်မောင်ကြိုင် | ၁၄/ကခန(နိုင်)၀၃၆၁၁၆ | ကြံခင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၄) | ဦးမောင်မောင်စိုး | ၁၄/အဂပ(နိုင်)၀၄၈၀၀၆ | အင်္ဂပူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၅) | ဦးတင့်ဆန်း | ၁၄/မမန(နိုင်)၀၂၈၆၀၇ | မြောင်းမြ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၆) | ဦးစောဂျိမ်း | ၃/ဖပန(နိုင်)၀၀၀၉၂၃ | အိမ်မဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၇) | ဦးခင်မောင်အေး | ၁၀/သထန(နိုင်)၀၂၉၃၀၆ | ဝါးခယ်မ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၈) | ဦးဇော်ထွန်း | ၁၄/လပတ(နိုင်)၀၈၇၄၈၅ | လပွတ္တာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃၉) | ဦးကိုကိုလွင် | ၁၄/မမက(နိုင်)၀၉၄၇၁၃ | မော်လမြိုင်ကျွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၀) | ဦးသိန်းညွန့် | ၉/ကပတ(နိုင်)၀၂၉၉၃၆ | မအူပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၁) | ဦးမန်းမောင်မောင်ဉာဏ် | ၁၂/စခန(နိုင်)၀၀၉၂၆၆ | ပန်းတနော် | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၁၄၂) | ဦးအောင်မြသန်း | ၁၄/ညတန(နိုင်)၀၀၄၄၄၅ | ညောင်တုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၃) | ဦးကြည်တင့် | ၁၄/ဓနဖ(နိုင်)၀၅၅၅၆၀ | ဓနုဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၄) | ဦးစိုးနိုင် | ၆/ထဝန(နိုင်)၀၆၈၂၉၀ | ဖျာပုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၅) | ဦးမြသိန်း | ၁၄/ဘကလ(နိုင်)၀၃၅၄၈၆ | ဘိုကလေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၆) | ဦးသန်းဝင်း | ၁၄/ကလန(နိုင်)၀၀၇၂၆၅ | ကျိုက်လတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄၇) | ဦးတင်ဝင်း | ၁၄/ဒဒရ(နိုင်)၀၁၆၅၁၂ | ဒေးဒရဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**(ပုံ)သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(သောကြာနေ့-နံနက်-နေ့လယ်-ည)**

**၁၂-၁၁-၂၀၁၀**

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တရားတော် (ရတနသုတ်) |
| ၇း၃၀ | ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၅ | (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန်+သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | သောတရှင်လိုရာတေး |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တူယှဉ်သီကြွေးစုံတွဲတေး |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | လေလှိုင်းကြားကပွဲတင်သံ |
| ၁၁း၄၅ | တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL) |
| ၁၂း၃၀ | အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်) နေ့လယ်ခင်းတေးပဒေသာ |
| ၁း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁း၃၀ | အစီအစဉ်ပြီး၏။ |
| ၄း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၄း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၅း၀၀ | Music Talk |
| ၅း၁၅ | ပြောပါရစေရှင် (လယ်စောင့်တဲလေးခြေတံရှည်) တေးပဒေသာ |
| ၅း၂၅ | သတင်းစာဆောင်းပါး |
| ၅း၃၀ | ရင်ခုန်စီးဆင်းအနုပညာသတင်း (၁၆) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၀ | လူမှုစာနာပြန်ကြားလွှာ |
| ၆း၂၀ | တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ |
| ၇း၀၀ | နိုင်ငံတကာသတင်း |
| ၇း၁၀ | ညချမ်းချိန်ခါတေးပဒေသာ |
| ၇း၂၅ | ဇာတ်လမ်းပမာနားဆင်စရာ (မဟာနှလုံးသား) |
| ၇း၄၅ | တေးပဒေသာ |
| ၈း၀၀ | ပြည်တွင်းသတင်း |
| ၈း၁၀ | အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မိုးကုတ်ပေါက်ပေါက်) စီးပွားရေးဦးတည်ချက် တေးပဒေသာ |
| ၉း၀၀ | ဆောင်းပါး (မိမိကိုယ်သာကိုးကွယ်ရာ) |
| ၉း၀၅ | ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် |
| ၉း၅၀ | ညချမ်းချိန်ခါတေးပဒေသာ |
| ၁၀း၀၀ | အစီအစဉ်ပြီး၏။ |

# အထက(၂) သင်္ဃန်းကျွန်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်  နိုဝင်ဘာ  ၁၁**

သင်္ဃန်းကျွန်း အထက(၂) (ယခင် ဘောက်ထော်မက်သဒစ်နှင့် သင်္ဃန်းကျွန်း အလက-၂)တွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတင် ဖုန်း-၅၇၇၉၄၆၊ ဒေါ်ကြင်ကြည် ဖုန်း-၅၆၅၉၈၈၊ ဦးမျိုးမြင့် ဖုန်း-၅၇၀၁၇၂၊ ဒေါ်မြင့်မြင့်ရီ ဖုန်း-၅၆၂၇၄၈၊ ဦးကျော်သူ ဖုန်း-၀၉-၅၁၈၄၇၅၆၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၅၆၀၇၃၆၊ ဦးအောင်မြင့်စိန် ဖုန်း-၅၆၂၀၉၉ နှင့် ဒေါ်မြမြအေး ဖုန်း-၅၆၅၆၆၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၂၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## နေပြည်တော်
## ကြေညာချက်အမှတ်(၁၂၆/၂၀၁၀)
## ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
## (၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးပီမောင်စိုး | ၂/လကန(နိုင်)၀၄၀၈၁၇ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးကျော်ဒင်(ခ) ဦးထေးရယ် | ၂/လကန(နိုင်)၀၀၆၀၉၂ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးဘိုးရယ် | ၅/စကန(နိုင်)၀၀၉၅၄၆ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဒေါ်နော်မေးရီယန် | ၂/ဒမဆ(နိုင်)၀၁၆၅၁၄ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးဆန်းရယ် | ၂/ဖရဆ(နိုင်)၀၀၀၉၅၄ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဆားရယ် | ၂/ဖရဆ(နိုင်)၀၀၃၁၇၀ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးငွေရယ် | ၂/လကန(နိုင်)၀၁၃၄၀၆ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးပိုးရယ်အောင်သိန်း | ၂/လကန(နိုင်)၀၀၉၁၇၅ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးကော်ရိုင်း | ၂/ဘလခ(နိုင်)၀၀၀၂၀၀ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးစိုင်းသာစိန် | ၂/ဖဆန(နိုင်)၀၀၁၁၄၄ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးလှမောင် | ၂/ဖဆန(နိုင်)၀၀၁၁၀၅ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးနှင်းဝေ | ၂/လကန(နိုင်)၀၀၁၅၂၈ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၃) | ဦးစိုးသက် | ၁၄/ကပန(နိုင်)၀၀၂၉၄၁ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးသန်းဆွေ | ၆/ထဝန(နိုင်)၀၀၆၇၈၇ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးတင်မောင်မြင့် | ၆/လလန(နိုင်)၀၀၂၁၉၀ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးအောင်ဝင်း | ၆/သရခ(နိုင်)၀၀၉၀၄၂ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမောင်စိန် | ၆/ထဝန(နိုင်)၀၀၈၇၁၃ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးတင်ရှန် | ၆/မအရ(နိုင်)၀၈၂၇၆၅ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးမိုးမြင့် | ၆/မအရ(နိုင်)၀၀၉၄၅၉ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးလှစိုး | ၆/ပလန(နိုင်)၀၀၁၀၉၁ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးလှအေး | ၁၀/မဒန(နိုင်)၀၂၈၈၅၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးတိုးဝင်း | ၆/ဘပန(နိုင်)၀၀၂၃၁၂ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၂၃) | ဦးစောမော်ထွန်း | ၇/ပခန(နိုင်)၀၇၂၅၆၃ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးဖိုးဇော် | ၇/သနပ(နိုင်)၀၀၆၃၅၆ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးတင်မြင့် | ၇/ဒဥန(နိုင်)၀၀၆၃၃၇ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးရဲမြင့် | ၁၂/ဒဂန(နိုင်)၀၂၂၅၆၅ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးဝင်းနိုင်ရှိန် | ၇/တငန(နိုင်)၁၂၈၆၆၅ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးသက်နိုင်ဦး | ၇/ဖမန(နိုင်)၀၂၀၃၀၁ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဒေါ်ချိုနွယ်ဦး | ၇/အတန(နိုင်)၀၅၈၅၈၇ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဒေါက်တာခင်မောင်လေး | ၉/ပဘန(နိုင်)၀၈၅၁၀၁ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဒေါက်တာမြဦး | ၁၂/လမန(နိုင်)၀၆၃၇၆၆ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးမြင့်ထွန်း | ၁၂/လမန(နိုင်)၀၂၅၃၉၅ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးအောင်ချိုဦး | ၇/ပမန(နိုင်)၁၁၇၇၄၈ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးထွန်းဇော်(ခ) ကိုပေါက် | ၇/နတလ(နိုင်)၀၁၀၉၆၉ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၃၅) | ဦးကြည်ထွန်း | ၁၃/မမတ(နိုင်)၀၂၈၀၉၅ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးအောင်ငြိမ်း | ၁၃/မရတ(နိုင်)၀၀၂၄၈၈ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးလှသိန်း | ၈/မဘန(နိုင်)၀၀၆၁၉၆ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးခင်ဇော် | ၁၂/ပဇတ(နိုင်)၀၁၃၃၁၈ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးကျော်သူဦး | ၈/မဘန(နိုင်)၀၀၂၆၃၇ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးစိုးမြင့် | ၈/မကန(နိုင်)၀၃၅၃၂၉ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးသန်းဆွေ | ၈/သရန(နိုင်)၀၃၇၃၂၈ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးတင်ဝင်း | ၇/အဖန(နိုင်)၀၅၄၀၃၁ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးသော်ဇင်ဦး | ၈/ပခက(နိုင်)၀၆၇၆၄၃ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးအောင်သန်း | ၈/ရစက(နိုင်)၀၀၂၆၅၉ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၅) | ဦးအောင်ထွန်း | ၁၂/မဘန(နိုင်)၀၀၉၈၆၇ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဦးလှဆွေ | ၈/ဂဂန(နိုင်)၀၈၅၉၉၆ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၄၇) | ဒေါက်တာစိုးထွန်း | ၉/မရမ(နိုင်)၀၂၅၁၄၁ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးဝင်းမောင် | ၉/မရတ(နိုင်)၀၀၆၁၆၄ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးတင်မောင်ဝင်း | ၉/မခန(နိုင်)၁၁၀၀၅၇ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၀) | ဦးဝင်းမောင် | ၉/ကဆန(နိုင်)၀၄၄၂၄၂ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ဦးဇော်မြင့်ဖေ | ၁၂/သဃက(နိုင်)၀၂၆၇၀၉ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၂) | ဦးမျိုးမြင့် | ၁၂/ရကန(နိုင်)၀၄၉၉၇၁ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၃) | ဦးအေး | ၃/ဘအန(နိုင်)၀၁၁၃၂၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၄) | ဦးခင်အောင်မြင့် | ၁၂/သဃက(နိုင်)၁၅၉၂၆၆ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၅) | ဦးစိုးအောင် | ၉/မထလ(နိုင်)၀၂၁၂၁၁ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၆) | ဦးငွေမောင် | ၉/မထလ(နိုင်)၀၁၄၉၂၂ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၅၇) | ဦးမင်းလွန်းအောင် | ၁၀/ကမရ(နိုင်)၀၀၄၈၁၂ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၆ ကော်လံ ၁ သို့✳

* စာမျက်နှာ ၅ မှ

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၅၈) | ဒေါ်ခင်ဝိုင်းကြည် | W MDY-၂၇၃၂၅၅ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ |
| (၅၉) | ဦးညွန့်တင် | ၁၂/ဗဟန(နိုင်)၀၃၆၉၂၂ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၀) | ဦးဖုန်းမြင့်အောင် | ၁၂/သဃက(နိုင်)၀၁၃၆၅၁ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ |
| (၆၁) | ဒေါက်တာမြတ်ဉာဏစိုး | ၁၂/ကတတ(နိုင်)၀၀၀၈၇၀ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ |
| (၆၂) | ဦးဝင်းနောင် | ၁၃/ကမန(နိုင်)၀၁၃၇၆၇ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၃) | ဒေါက်တာတင်ရွှေ(ခ) ဦးတင်ရွှေ | ၁၂/လမတ(နိုင်)၀၀၆၂၁၆ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ |
| (၆၄) | ဦးမြညိမ်း | ၁၂/အစန(နိုင်)၁၃၇၄၂၉ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၅) | ဒေါက်တာမြင့်ကြည် | ၁၂/ကမတ(နိုင်)၀၂၆၆၁၆ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၆) | ဒေါက်တာခင်ရွှေ | ၁၂/ဗဟန(နိုင်)၀၅၅၃၇၃ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၇) | ဦးနု | ၁၄/ဟသတ(နိုင်)၀၄၉၅၆၈ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၈) | ဦးတင်ယု | ၁၂/လသယ(နိုင်)၀၁၂၇၈၈ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆၉) | ဦးဆွေအောင် | ၁၂/မဂဒ(နိုင်)၀၃၂၅၇၈ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၇၀) | ဒေါက်တာစိုင်းမောက်ခမ်း (ခ)မောင်အုန်း | ၁၃/လရန(နိုင်)၀၀၉၇၂၇ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၁) | ဦးစိုင်းသန့်ဇင် | ၁၂/တကန(နိုင်)၀၀၄၆၅၉ | အမှတ်(၄) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ |
| (၇၂) | ဦးစိုင်းဝင်းမောင် | ၁၃/မဆတ(နိုင်)၀၀၂၂၈၉ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၃) | ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် | ၁၃/ကတန(နိုင်)၀၁၀၅၄၈ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၄) | ဦးဝိလ်ဆင်မိုး | ၁၃/ကတန(နိုင်)၀၀၁၉၆၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၇၅) | ဦးစိုးဟန်လင်း | ၁၂/ဗတထ(နိုင်)၀၁၀၉၃၂ | အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၆) | ဦးစိုးဝင်း | ၁၄/ပသန(နိုင်)၀၃၂၇၁၇ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၇) | ဦးဉာဏ်လင်း | ၁၄/ပသန(နိုင်)၀၄၁၉၆၆ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၈) | ဦးညွန့်လှိုင် | ၁၄/ဟသတ(နိုင်)၀၁၆၂၃၄ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇၉) | ဒေါက်တာဌေးဝင်း | ၁၄/အဂပ(နိုင်)၁၁၇၄၀၁ | အမှတ်(၅) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၀) | ဦးခင်မောင်ရီ | ၁၄/ဟသတ(နိုင်)၀၅၉၂၉၀ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၁) | ဒေါက်တာဌေးနိုင် | ၁၄/မမန(နိုင်)၀၂၀၅၇၅ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၂) | ဦးသက်လင်း | ၁၄/ညတန(နိုင်)၀၀၀၃၀၄ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၃) | ဦးဝင်းသိန်း | ၁၄/ပတန(နိုင်)၀၀၄၈၇၀ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၄) | ဒေါက်တာ မြတ်မြတ်အုန်းခင် | ၁၂/လမန(နိုင်)၀၂၈၉၆၃ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၅) | ဦးမောင်မောင်အေး | ၁၂/လမတ(နိုင်)၀၀၄၉၄၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈၆) | ဦးလှိုင်ဦး | ၁၄/လပတ(နိုင်)၀၀၆၈၂၈ | အမှတ်(၁၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**




## General Air Conditioners မန္တလေးရုံးခွဲ ဖွင့်လှစ်ပွဲနှင့် Technical Seminar ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

Golden Orchid Ltd. သည် ဂျပန်နိုင်ငံ Fujitsu General Ltd. မှ ထုတ်လုပ်သော General အမှတ်တံဆိပ် အဆင့်မြင့် လေအေးပေးစက်များကို တရားဝင် တင်သွင်းဖြန့်ချိ ရောင်းချနေသည့် ကုမ္ပဏီဖြစ်ပြီး အထက်မြန်မာပြည်ရှိ သုံးစွဲသူများအတွက် ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရန် မန္တလေးရုံးခွဲ ဖွင့်လှစ်ပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ရုံးခွဲ တည်ရှိရာ အမှတ်(ဘီ၊ ၃) ၆၅ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား ရတနာတိုင်းပြည်အိမ်ရာ မန္တလေးမြို့၌ ကျင်းပရာ အရောင်းကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

Fujitsu General Ltd. မှ ထုတ်လုပ်သော အဆင့်မြင့် လေအေးပေးစက်များတွင် ရုံးသုံး၊ အိမ်သုံးအမျိုးအစားဖြစ်သော Wall Mounted Type, Inverter Type, Universal Type, Duct Type, Ceiling Cassette Type, Window Type များသာမက ဟိုတယ်ကြီးများ၊ ဆေးရုံကြီးများ၊ စူပါမားကတ်ကြီးများ၊ ခန်းမဆောင်ကြီးများအတွက် အထူးသင့်လျော်သော Inverter VRF များ ပါဝင်သည်။

Golden Orchid Ltd. မှ ဝယ်ယူသုံးစွဲသော လေအေးပေးစက်များအား သုံးနှစ်အာမခံဖြင့် တာဝန်ယူ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့နောက် မန္တလေးမြို့ရှိ လေအေးပေးစက် ပြုပြင်ထိန်းသိမ်းမှု ဝန်ဆောင်ပေးသော စက်မှုပညာရှင်များအား ဖိတ်ကြားပြီး အောက်တိုဘာ ၃၁ ရက်တွင် Hotel Mandalay ၌ VRF VII နှင့် Inverter Type Technical Seminar ကို ကျင်းပခဲ့ကြောင်း သိရှိရသည်။

General အမှတ်တံဆိပ် လေအေးပေးစက်များကို ဝယ်ယူသုံးစွဲလိုပါက မန္တလေးမြို့ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးတွင် ဝယ်ယူရရှိနိုင်ပြီး လေအေးပေးစက် ပြုပြင်ထိန်းသိမ်းခြင်း၊ Project ဒီဇိုင်းများ တွက်ချက်ခြင်းများနှင့် ပတ်သက်၍ အသေးစိတ် စုံစမ်းမေးမြန်းလိုပါက ရုံးခွဲတည်ရှိရာ အမှတ်(ဘီ၊၃) ၆၅ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား ရတနာတိုင်းပြည်အိမ်ရာ မန္တလေး ဖုန်း-၀၂-၇၄၆၈၂၊ ၀၉-၈၇၄၃၁၁၄ နှင့် ရန်ကုန်ရုံးချုပ် ဖုန်း-၀၁-၇၀၆၂၂၃၊ ၇၃၀ ၃၀၂၅၀၊ ၃၇၁၉၀၆ တို့သို့လည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြည်သူ့ကျန်းမာရေးကွင်းဆင်းအဖွဲ့များနှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

**ရခိုင်ပြည်နယ် ဂီရိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်း ဆောင်ရွက်ရန် ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင် ဦးစီးသော ပြည်သူ့ကျန်းမာရေး ကွင်းဆင်းအဖွဲ့များသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ ဆရာဝန်များနှင့်အတူ နိုဝင်ဘာ ၇ ရက်တွင် မြေပုံမြို့နယ် ပြည်သူ့ဆေးရုံ၊ မြို့ပေါ်ရပ်ကွက်များနှင့် နိုဝင်ဘာ ၈ ရက်တွင် ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်းဆေးကုသပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။**

ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေး ဆရာဝန်များ၊ ရွေ့တန်းဆေးကုသရေး စခန်းမှ ဆရာဝန်များနှင့် အဖွဲ့ဝင် ၃၃ ဦးတို့သည် မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်အတွင်းရှိ ကျေးရွာများ၊ ယောချောင်း၊ လောင်းဒရိတ်၊ ဒိုင်းပုံ၊ ကြက်ရေကြီး၊ ကျွန်းသာယာနှင့် အရှေ့ဖရုံကာ ရွေ့တန်း ဆေးကုသရေးစခန်း ခြောက်ခုတို့၌လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ဦးစီးသောအဖွဲ့သည် ဆေးရုံသင်္ဘောဖြင့် လှည့်လည်၍ မြေပုံမြို့နယ် မြစ်၊ ချောင်းကမ်းတစ်လျှောက်ရှိ ကျေးရွာများ၌ လည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံ၊ ကုလားပိုက်စိတ်ရပ်ကွက်နှင့် ပြင်ဖြူမော်ကျေးရွာတို့၌ လည်းကောင်း လူနာများအား ကွင်းဆင်းဆေးကုသပေးခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယာယီဆေးခန်းဖွင့်လှစ်ကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ကွင်းဆင်းအဖွဲ့များနှင့် နယ်လှည့်ဆေးကုရေးအဖွဲ့တို့သည် နိုဝင်ဘာ ၈ ရက်ထိ လူနာ ၁၀၅၈၈ ဦးအား ဆေးကုသပေးခြင်း၊ သောက်သုံးရေ သန့်ရှင်းရေးအတွက် ရေတွင်း၊ ရေကန် စုစုပေါင်း ၃၀၁၀ ကို ကလိုရင်းဆေးခတ်ပေးခြင်း အပါအဝင် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါ ဖြစ်ပွားလာပါက စောစီးစွာသိရှိနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း သတင်းစနစ်ထူထောင်ထားရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သုံးထပ်ဗိမာန်တော်ကြီးတည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

လှိုင်သာယာမြို့နယ် မြို့နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟ သုံးထပ်ဗိမာန်တော်ကြီး ဆောက်လုပ်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၄ ရက်က အမှတ်(၇)ရပ်ကွက် ဓမ္မသုခကျောင်းဆောင်၌ ကျင်းပရာ အလှူရှင်များက လှူဒါန်းငွေကျပ် စုစုပေါင်း ၁၆၈ ဒသမ ၇၂၀၀၀ အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်စိန် **(အောက်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်သာသနာရေးမှူးတို့က အလှူငွေများ လက်ခံကြကြောင်း သိရသည်။ ဗိမာန်တော် တည်ဆောက်ရေးတွင် ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀၄၀၉၆၀၊ ၀၁-၆၈၅၄၇၄၊ ၀၉-၅၀၅၆၉၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးသက်ထွန်းနှင့် ဦးကျော်ဝင်း တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၆)မှုနှင့် တရားမအထူးအယူခံမှု(၆)မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၇) အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု (၇)မှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မီးကာကွယ်ရေးဆောင်ရွက်

**အိမ်မဲ နိုဝင်ဘာ ၁၁**

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်ဝါယာကြိုးများ ကြံ့ခိုင်မှု၊ မီးသတ်ရေစင် ရေဖြည့်တင်းမှုနှင့် မီးသတ်စက်ကြံ့ခိုင်မှုများကို နိုဝင်ဘာ ၄ ရက်က မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးကျော်စိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့် အဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

# ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းသို့ ရောက်ရှိပြီး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ရွှေလီလမ်းနှင့် ပုဏ္ဏမီလမ်းရှိ ကွန်တိန်နာယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ကွန်တိန်နာ ယာဉ်ရပ်နားစခန်းအား စီမံကိန်းဖြင့် အပိုင်းလိုက် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်သို့ရောက်ရှိကြပြီး စက်မှုဇုန်ရှိ Wood ပလတ်စတစ် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေနှင့် အဖွဲ့ဝင်များသည် Myanmar Technology Industry ၏ သစ်ပါးလွှာနှင့် အထပ်သားစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း သစ်ပါးလွှာနှင့် အထပ်သားများအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် Sogo ရေပိုက်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ပိုက်အမျိုးမျိုးထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စက်မှုထုတ်ကုန်များ ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ငွေက ပြည်တွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ စက်မှုထုတ်ကုန်များကို အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ Myanmar Technology Industry ၏ သစ်ပါးလွှာနှင့် အထပ်သားစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ကွန်ကရစ်လမ်းချောများ ခင်းကျင်းမှု၊ စက်ရေတွင်းတူးဖော်မှုနှင့် အုတ်ရေလှောင်ကန်တူးဖော်မှုများ မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှု၊ ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ပုဇွန်တောင်ဥယျာဉ် အိမ်ရာဝင်းနေ ပြည်သူများ သောက်သုံးရေ ဖြည့်တင်းရရှိရန် အချင်း နှစ်လက်မရှိ စက်ရေတွင်းနှင့် ရေဂါလန် ၈၀၀ ဆံ့ အုတ်ရေလှောင်ကန်တူးဖော်ပြုလုပ်ပြီးစီးမှုနှင့် အမှတ်(၃)ရပ်ကွက် ပြည်တော်သစ်အိမ်ရာစခန်းဝင်းရှိ လမ်းများ၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းကြားရှိ (၃၆)လမ်း၊ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ (၂၉)လမ်း၊ လသာမြို့နယ် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ (၁၇)လမ်းနှင့် (၁၈)လမ်း၊ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြားရှိ (၂၅)လမ်း၊ (၂၇)လမ်းနှင့် လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာဝင်းရှိလမ်းများ ကွန်ကရစ်လမ်းချောခင်းနေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြားရှိ ၂၅ လမ်းအား ကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့တော်စည်ပင်)



# ကိုရီးယား စကားပြောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးက ကြီးမှူးပြီး အဌမအကြိမ်မြောက် ကိုရီးယားစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ကိုရီးယား စကားပြောကျွမ်းကျင်မှုအဆင့်(၄)ရှိကြသူများအနေဖြင့် အဆိုပါပြိုင်ပွဲသို့ စိတ်ဝင်စားပါက ၁၆ ရက်နေ့အတွင်း လာရောက်စာရင်းပေးသွင်း လျှောက်ထားနိုင်ကြောင်း သိရသည်။

အရည်အချင်းစစ်ဆေးမှုအောင်မြင်သူ ၁၀ ဦးအား ရွေးချယ်၍ နောက်ဆုံးပြိုင်ပွဲအတွက် ရွေးချယ်မည်ဖြစ်သည်။ ကိုရီးယားစကားပြော နောက်ဆုံးအဆင့် ပြိုင်ပွဲအတွက် ရွေးချယ်ခံရသူများသည် နိုဝင်ဘာ ၁၉ ရက်တွင် ပဏာမ အရည်အချင်းစစ်ဆေးမှုကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ကျင်းပမည်ဖြစ်သည်။

**စုံစမ်းနိုင်**

ရန်ကုန်မြို့မှ လျှောက်ထားကြသူများသည် လျှောက်လွှာပုံစံများကို ကိုရီးယားသမ္မတနိုင်ငံ သံရုံး၌ ရယူနိုင်ပြီး မန္တလေးမြို့မှ လျှောက်ထားသူများအနေဖြင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ကိုရီးယားဘာသာဌာနမှ Ms. Kim Jeong- hyun ထံ၌ ရယူနိုင်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုရီးယားသမ္မတနိုင်ငံ သံရုံး ဖုန်း- ၅၂၇၁၄၂ နှင့် ၅၂၇၁၄၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ၂၀၁၁ ခုနှစ် မြဝတီပြက္ခဒိန် ထွက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၁၁**

နှစ်ပေါင်း ၅၀ ကျော်မျှ နှစ်စဉ်မပျက်မကွက် သေသေသပ်သပ်ထွက်ရှိသည့် မြဝတီပြက္ခဒိန်ကို ရောင်းဈေး ပုံမှန်ရိုးရိုး တစ်စောင် ၄၀၀ ကျပ်နှုန်းနှင့် အချောသီးသန့် တစ်စောင် ၈၀၀ ကျပ်နှုန်းတို့ဖြင့် ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အိမ်သုံး၊ ရုံးသုံး၊ အသင်းအဖွဲ့အစည်းများတွင် အသုံးပြုနိုင်ကြရန်အတွက် စက္ကူကောင်းနှစ်မျိုးဖြင့် စာလုံးကြီး ဆိုဒ်ကြီးများအပြင် အခါကြီး၊ ရက်ကြီး၊ ရက်ရာဇာများနှင့် ရိုက်နှိပ်ထားရှိပြီး ညှော်ခန်းကျက်သရေဆောင်အဖြစ် အသုံးပြုနိုင်ကြမည်ဖြစ်သည်။

ပြက္ခဒိန် ဝယ်ယူအသုံးပြုလိုကြသူများသည် မြဝတီစာပေတိုက်ရုံးခွဲ အမှတ်(၁၈၁) ၃၂ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၀၂၄၄ နှင့် မြဝတီစာပေတိုက် ဖြန့်ချိရေးဌာန အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၄၈၉၄ သို့ ကြိုတင်ဆက်သွယ် မှာကြားဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အထက(၁)တောင်ကြီး အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

တောင်ကြီးမြို့ အထက (၁)၏ (၁၉၄၅ မှ ၁၉၉၀ အထိ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ တွင် အဆိုပါကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးစံလင်း သိပ္ပံပုံနှိပ်တိုက် ဖုန်း-၀၉-၅၁၁၈၄၄၅၊ ဦးကျော်ကျော်ညီ ဆန်းယဉ်စတိုး ဖုန်း-၀၉-၅၂၁၀၉၅၄၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၂၈၁၅၁၂ နှင့် ကမ္ဘောဇဘဏ် တောင်ကြီး ငွေစာရင်းအမှတ်-၀၀၁၁၂၂ ၀၀၂၅၇၅၁ သို့လည်း ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွက်**

**(၁၄-၁၁-၂၀၁၀) ရက်နေ့**

**နှင့်**

**(၂၈-၁၁-၂၀၁၀)ရက်နေ့**

# စာအုပ်စာပေ လှူမိတ်ဆွေ



**နိုဝင်ဘာ ၂ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ဘိုးကျေးရွာအုပ်စု ပေါက်ချိုင်ကုန်းကျေးရွာနေ ဘွားသက်ရှည် ဒေါ်မြကြည်(၁၁၈)နှစ်၏ ကျန်းမာရေးနှင့် အာဟာရစရိတ်အတွက် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင် (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)က ပေးအပ်လှူဒါန်းစဉ်။** (၆၇)

# ချယ်လ်ဆီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင် မန်ယူသရေကျပြီး အာဆင်နယ်နိုင်ပွဲရ

**လန်ဒန် နိုဝင်ဘာ ၁၁**

ပရီမီယာလိဂ်ပွဲစဉ်(၁၂)ကို ဗုဒ္ဓဟူးနေ့နံနက်ပိုင်းနှင့် ကြာသပတေးနေ့နံနက်ပိုင်းတို့တွင် ကျင်းပခဲ့ရာ ချယ်လ်ဆီးနိုင်ပွဲရပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကာ မန်ယူမှာ မန်စီးတီးကို သရေသာ ကစားပေးနိုင်ခဲ့သည်။

**ချယ်လ်ဆီးဦးဆောင်**

စတမ်းဖို့ဒ်ဘရစ်ချ်တွင် ကစားခဲ့သည့် ချယ်လ်ဆီးနှင့် ဖူးလ်ဟမ်တို့ပွဲတွင် ချယ်လ်ဆီးက ပွဲချိန်မိနစ် ၃၀ တွင် ကွင်းလယ်ကစားသမား အက်ဆီယံသွင်းသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးသည် ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ကာ ဒုတိယနေရာက မန်ယူကို လေးမှတ်ဖြတ်ထားနိုင်သည်။ ယခုပွဲတွင် ချယ်လ်ဆီးကစားသမား အက်ဆီယံ အနီကတ်ပြ ထုတ်ပယ်ခြင်း ခံခဲ့ရသည်။

**အာဆင်နယ်နိုင်ပွဲပြန်ရ**

ဝုလ်ဗာဟမ်တန်နှင့် အာဆင်နယ်တို့ပွဲတွင် ဧည့်သည်အာဆင်နယ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ပထမပိုင်းပွဲအစ တစ်မိနစ်နှင့် မိနစ် ၉၀ တို့တွင် ချာမက်ခ်တစ်ဦးတည်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

**မန်ယူသရေ**

မန်စီးတီးနှင့်မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲမှာ ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသည့် မန်ယူတွင် နာနီ၊ ဘာဘာတော့ဗ်၊ ကာရစ်၊ ဖလက်ချာ၊ ပေါလ်စခိုးတို့ဖြင့် ပွဲထွက်လာခဲ့ပြီး မန်စီးတီးတွင် တီဗက်ဇ်၊ မေလ်နာ၊ ဆေးလ်ဗား၊ ဘယ်ရီ၊ ယာယာတိုရေးတို့ဖြင့် လူစုံခဲ့သည်။ သို့သော် မန်ယူအပေါ် အသာစီးရယူနိုင်ခြင်းမရှိဘဲ တစ်မှတ်စီသာ ခွဲယူခဲ့ရသည်။ ***အင်တာနက်။***

**အခြားပွဲစဉ်ရလဒ်များ**

| | | |
|---|---|---|
| စတုတ်စီးတီး | ၃ - ၂ | ဘာမင်ဂမ် |
| ဝီဂန် | ၁ - ၁ | လီဗာပူး |
| စပါး | ၁ - ၁ | ဆန်းဒါးလန်း |

**ဝင်းတင် (ကြေးမုံ)**

# ...က်ကြပါစို့

**ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများ၏ အရှုံးအနိုင်တွင် အားကစားသမားများကဲ့သို့ အားကစားသမားစိတ်ဓာတ်(Sportsman's Spirit)ရှိရန် အထူးအရေးကြီး၊ အားကစားသမားကောင်းတို့သည် အရှုံးအနိုင်ကို အဓိကမထားဘဲ ယှဉ်ပြိုင်မှုကိုသာ အဓိကထား၍ ကစားကြ၊ အားကစားသမားကောင်းဖြစ်အောင် ကြိုးစားကြသကဲ့သို့ ဒီမိုကရေစီစနစ်အတွင်း ရွေးကောက်ပွဲယှဉ်ပြိုင်သူတို့သည် အရှုံးအနိုင်ကို အဓိကမထားဘဲ မိမိအားပြည်သူတို့က မည်မျှထောက်ခံမှုရှိသနည်းဟူသော စမ်းသပ်မှုပြုခြင်းကိုသာ အဓိကထား၍ ယှဉ်ပြိုင်။**

"၄၀၅။ နိုင်ငံရေးပါတီတစ်ရပ်သည်-

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊

(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့် အညီဖွဲ့စည်းမှတ်ပုံတင်ထားရမည်။"

**နိုင်ငံရေးပါတီများသည် အထက်ပါပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပေသည်။ ထို့ပြင် အဖွဲ့အစည်းတစ်ရပ်ရပ်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ဖွဲ့စည်းလိုပါက ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းလှုပ်ရှားလိုသော အဖွဲ့အစည်းများသည် တည်ဆဲဥပဒေဖြစ်သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ပေသည်။ ထိုသို့ မှတ်ပုံတင်ထားခြင်းမရှိပါက ဥပဒေကိုချိုးဖောက်ရာရောက်ပေမည်။ ထို့ကြောင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် လိုအပ်ပေသည်။**

ယခုအခါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သော်လည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလိုသည့် အဖွဲ့အစည်းများ၏ ပါတီတည်ထောင်ခွင့်ကို ပိတ်ပင်ထားခြင်းမရှိပေ။ ယင်းတို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဥပဒေနှင့်အညီ လျှောက်ထားလာပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း ဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ကာ ဆုံးဖြတ်ပေးမည် ဖြစ်ပေသည်။ သို့ပါ၍ လက်ရှိနိုင်ငံရေးပါတီများသည်လည်းကောင်း၊ နောင်ဖွဲ့စည်းလိုသည့် နိုင်ငံရေး ပါတီများသည်လည်းကောင်း၊ နိုင်ငံအကျိုးနှင့် ပြည်သူအကျိုးကို ရှေးရှု၍ ရွေးကောက်ပွဲ၏ အရှုံးအနိုင်ကို ပဓာနမထားဘဲ တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လက်တွဲချီတက်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။ ။




**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation (CTGC)၊ ထိုင်းနိုင်ငံ EGAT International Co.,Ltd.၊ International Group of Entrepreneurs Co.,Ltd. တို့အကြား JV/B.O.Tစနစ်ဖြင့် အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

## အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation (CTGC)မှ Group President Mr.Cao Guangjing နှင့် ထိုင်းနိုင်ငံ EGAT International Co.,Ltd. မှ Senior Executive Vice President Mr. Prutichai Chonglertvanichkul တို့သည် နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ညှိခန်းမ၌ လာရောက်တွေ့ဆုံ၍အထက်သံလွင် (မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation (CTGC)၊ ထိုင်းနိုင်ငံ EGAT International Co.,Ltd.၊ International Group of Entrepreneurs Co.,Ltd.တို့အကြား JV/B.O.T စနစ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွှာခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation (CTGC)မှ Group President Mr.Cao Guangjing နှင့်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ EGAT International Co.,Ltd. မှ Senior Executive Vice President Mr.Prutichai Chonglertvanichkul နှင့်အဖွဲ့ဝင်များ၊ International Group of Entrepreneurs Co.,Ltd. မှ ဥက္ကဋ္ဌ ဦးနေအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကား**

ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CTGC မှ Group President Mr.Cao Guangjing နှင့် ထိုင်းနိုင်ငံ EGAT International Co.,Ltd. မှ Senior Executive Vice President Mr.Prutichai Chonglertvanichkul တို့က နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CTGC မှ Vice President Mr.Bi Yaxiang၊ ထိုင်းနိုင်ငံ EGAT International Co.,Ltd. မှ Senior Executive Vice President Mr.Prutichai Chonglertvanichkul နှင့် International Group of Entrepreneurs Co.,Ltd. မှ တာဝန်ရှိသူတို့က နားလည်မှုစာချွန်လွှာ (MoU) များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**လက်မှတ်ရေးထိုး**

ယခုကျင်းပသော အခမ်းအနားသည် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် အထက်သံလွင်(မိုင်းတုံ) ရေအားလျှပ်စစ်စီမံကိန်းအား ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CTGC၊ ထိုင်းနိုင်ငံ EGAT International Co.,Ltd.နှင့် International Group of Entrepreneurs Co.,Ltd. တို့ နားလည်မှုစာချွန်လွှာ (MoU)များ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၁-၂၀၁၀(သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ) |
| ၇း၅၀ | ၅။ သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ အကပြိုင်ပွဲ |
| ၈း၁၀ | ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ် |
| ၈း၂၀ | ၈။ "ကလေးများအတွက် အကောင်းဆုံး" |
| ၈း၃၅ | ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၈း၄၀ | ၁၀။ International News |
| ၈း၄၅ | ၁၁။ တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | |
|---|---|
| ၃း၃၀ | ၁။ Myanmar National League MNL Grand Royal (2010)ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် မကွေး F.C) |
| ၅း၀၀ | ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာမှုအထူးပြု) (မြန်မာမှုပညာ) |
| ၅း၁၅ | ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၂၀ | ၄။ နှောင်းခေတ်တေးပဒေသာ |
| ၅း၃၅ | ၅။ "ရိုးသားဖြူစင် ကလေးတို့အသွင်" |
| ၆း၀၀ | ၆။ ညနေခင်းသတင်း |
| ၆း၁၅ | ၇။ မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၈။ ရသစုံလင် အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရံမဲ့ . . . ရင်ခုန်သံ" (အပိုင်း-၁၀)** |
| ၈း၀၀ | ၁၀။ ပြည်တွင်းသတင်း |
| | ၁၁။ နိုင်ငံတကာသတင်းများ |
| | ၁၂။ မိုးလေဝသအခြေအနေ |
| | ၁၃။ "လျှပ်တစ်ပြက်ဟာသများ" |
| | ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနှင့်ကြမ္မာ" (အပိုင်း-၁)** |
| | ၁၅။ သီချင်းချစ်သူ (ကိုအောင်) |
| | ၁၆။ အစီအစဉ်ပြီး၏။ |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၁-၂၀၁၀ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ) |
| ၆း၄၀ | ရင်သပ်ရှုမောဖွယ်ရာ. . . အံ့သြသင့်ဖွယ်ရာ. . . စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ. . . |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၂)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၉)** |
| ၈း၅၀ | Activities In The City (မိုးကုတ်ဆရာတော်ကြီး ဉာဏ်တော်ပူဇော်ပွဲနှင့် တရားစခန်းသိမ်းပွဲ) |
| ၉း၀၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၉း၂၀ | နွေးထွေးသောဝန်ဆောင်မှုများနှင့် ဧဒင် |
| ၉း၃၀ | Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အေဝမ်းကြည်အေး) (အပိုင်း-၄) |
| ၉း၅၀ | တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ. . . |
| ၁၀း၁၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "မျက်နှာစိမ်းညှိသည်" ရိုက်ကွင်းအမှတ်တရ |
| ၁၀း၂၅ | မြေလျှောကြောင့် အန္တရာယ်ဖြစ်နိုင်ခြေကို လေ့လာခန့်မှန်းတွက်ချက်သည့်သင်တန်း |
| ၁၀း၃၅ | ဖက်ရှင်လမ်းညွှန် (Tan Collection) |
| ၁၁း၀၀ | သူတို့ဘဝသူတို့ဟာသ (ဦးမြတ်သာ) |
| ၁၁း၂၅ | ရန်ကုန်မြင်ကွင်းကျယ် [ အလက(၁)ကမာရွတ် အာစရိယပူဇော်ပွဲ] |
| ၁၁း၄၀ | MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၂၅) |
| ၁၂း၁၀ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း) |
| ၁၂း၃၀ | ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲ့များ (စာရေးဆရာမောင်သိန်းဆိုင်) |
| ၁း၀၀ | "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၁၀ | Activities In The City (ရွှေပြည်နန်းကလေးကြေညာ သရုပ်ဆောင်ပဏာမရွေးချယ်ပွဲ) |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၂)** |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၉)** |
| ၅း၀၀ | မူဟန်ကိုယ်စီတေးကိုသီ |
| ၅း၀၅ | VJ Choice |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၂၅) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Science For All (လူသားတိုင်းအတွက်ဗီတာမင်လက်နက်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၃)** |
| ၇း၂၅ | The Champion of Dance |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Wedding Season (Part-4) |
| ၉း၀၅ | ဂီတသရုပ်ပြခန်း (ပန်းသုံးပွင့်အလွမ်းအိမ်) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄၀)** |
| ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၅ | ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲ့များ (စာရေးဆရာ (မောင်သိန်းဆိုင်) |
| ၁၁း၁၅ | သိ. . . တတ်စေသော် (အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်သင်တန်းဆင်းများ) |
| ၁၂း၁၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ဒါရိုက်တာကြည်စိုးထွန်း) (အပိုင်း-၁) |
| ၁၂း၄၅ | အသည်းကင်ဆာရောဂါ အကြောင်းသိကောင်းစရာ |
| ၁း၁၀ | World of Knowledge (Munich Olympic Massacre) |
| ၂း၀၀ | နုယဉ်ဆန်းထွင် ပန်းအလှဆင် ("S" ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း) |
| ၂း၁၀ | ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်ဆင်စခန်းမှာ |
| ၂း၅၀ | ပုံဖော်ထွင်းထုမြန်မာ့ပန်းပု |
| ၃း၀၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၄း၀၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel) |
| ၄း၃၀ | စိန့်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ |
| ၄း၅၀ | အညာမြေအလှနှင့် ရေနံမြေမှသာသနာ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



# တောင်ကိုရီးယားသမ္မတနှင့် ရုရှားသမ္မတ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

**ဆိုးလ် နိုဝင်ဘာ ၁၁ -** တောင်ကိုရီးယား သမ္မတ လီမြောင်ဘက်နှင့် ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်တို့သည် နှစ်နိုင်ငံ စွမ်းအင်နှင့် အရင်းအမြစ်များ ကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီကြကြောင်း ယမန်နေ့ သတင်းများတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ စီးပွားရေးအရ အင်အားကြီး နိုင်ငံများဖြစ်ကြသော တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရန်လမ်းပွင့်သွားပြီဖြစ်သည်။

ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံများ၏ ဂျီ-၂၀ ထိပ်သီးညီလာခံ အကြိုနေ့တွင် တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့က စီးပွားရေး ပူးပေါင်းဆောင်ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

ယခုနှစ်သည် တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ် ၂၀ ပြည့်မြောက်သည့်နှစ်ဖြစ်သည်။

တောင်ကိုရီးယားနှင့် ရုရှားတို့၏ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ပမာဏသည် စက်တင်ဘာလ စာရင်းအရ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ ဘီလီယံရှိသည်။ ယခုနှစ်ကုန်တွင် နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံမှ ၁၈ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**



**တောင်ကိုရီးယား သမ္မတ လီမြောင်ဘက်(ယာ)နှင့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တက်ရောက်လာသော ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်(ဝဲ) တို့ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။**

# နီကာရာဂွါနှင့် ကော်စတာရီကာ နယ်မြေ အငြင်းပွား

**မနားဂွါး(နီကာရာဂွါ) နိုဝင်ဘာ ၁၁**

ကော်စတာရီကာနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသမှ ၎င်း၏တပ်ဖွဲ့များကို ရုပ်သိမ်းပေးရေးအတွက် သံတမန်လမ်းကြောင်းအရ နောက်ဆုံးအချိန်သတ်မှတ်ပေးထားခြင်းကို လိုက်နာရန်အစီအစဉ်မရှိကြောင်း နီကာရာဂွါနိုင်ငံ ဒုတိယသမ္မတက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သည့် နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုကြောင့် နှစ်နိုင်ငံအကြားဆက်ဆံရေးသည် တင်းမာနေသောအခြေအနေသို့ ရောက်ရှိလျက်ရှိသည်။

နီကာရာဂွါနိုင်ငံသည် ၎င်းတို့၏ပိုင်နက်နယ်မြေသို့ ကျူးကျော် ဝင်ရောက်ကြောင်း ကော်စတာရီကာ နိုင်ငံ၏တိုင်ကြားချက်ကို နီကာရာဂွါ ဒုတိယသမ္မတက ပယ်ချလိုက်ပြီး ယင်းနယ်မြေများသည် ၎င်းတို့ပိုင်နက်နယ်မြေများဖြစ်သည်ဟု ပြောကြားသည်။

အမေရိကနိုင်ငံများအဖွဲ့ (အိုအေအက်စ်) အထွေထွေအတွင်းရေးမှူးသည် အဆိုပါနှစ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး အငြင်းပွားနယ်မြေကိုလည်း လေယာဉ်ဖြင့် ကြည့်ရှုခဲ့ပြီး နယ်မြေအငြင်းပွားမှု ပြဿနာကို ဖြေရှင်းရန် အကြံပြုသည်။

၎င်းပိုင်နယ်နိမိတ်အတွင်းမှ တပ်ဖွဲ့ဝင် ၅၀ ကို ရုပ်သိမ်းရန်နှင့် စန်ဂွမ်မြစ်အတွင်း သောင်တူးခြင်းကို ရပ်ဆိုင်းရန်အတွက် နီကာရာဂွါအစိုးရကို တိုက်တွန်းရန် ကော်စတာရီကာနိုင်ငံက အိုအေအက်စ်အဖွဲ့ကို တောင်းဆိုခဲ့သည်။ နီကာရာဂွါက ၎င်း၏တပ်ဖွဲ့ဝင်များကို မရုပ်သိမ်းလျှင် နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားသော နယ်မြေအငြင်းပွားမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်မည်မဟုတ်ကြောင်း ကော်စတာရီကာအစိုးရက ပြောကြားသည်။

ကော်စတာရီကာနယ်မြေကို ကျူးကျော်မှုမပြုလုပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နီကာရာဂွါနိုင်ငံက ဆိုသည်။

မြစ်အတွင်းသောင်တူးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးကြောင်း ကော်စတာရီကာက ကြေညာ၍ ၎င်း၏ရဲတပ်ဖွဲ့ဝင် ၇၀ ခန့်ကို အငြင်းပွားရာနယ်မြေအနီးရှိ ဘာရာဒီကိုလိုရာဒိုမြို့သို့ စေလွှတ်ခဲ့သည်။ ကော်စတာရီကာနိုင်ငံသည် တပ်မတော်တစ်ရပ်ဖွဲ့ စည်းထားခြင်းမရှိပေ။ **အေပီ။**

# ပါရီမြို့၌ ဖမ်းဆီးမိခဲ့သော အကြမ်းဖက်သမားဟုယူဆရသူများ တိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်ခဲ့

**ပါရီ နိုဝင်ဘာ ၁၁ -** ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ယခုသီတင်းပတ်အတွင်း ဖမ်းဆီးခံခဲ့ရသော အကြမ်းဖက်သမားများအဖြစ် သံသယ ဖြစ်ဖွယ်ငါးဦးသည် ပြင်သစ်နိုင်ငံအတွင်း တိုက်ခိုက်မှုတစ်ရပ်လုပ်ဆောင်ရန် ကြံစည်နေသည်ဟု ယူဆရကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။



ဖမ်းဆီးခံခဲ့ရသော အကြမ်းဖက်သမားဟု ယူဆရသူ ငါးဦးအနက် တစ်ဦးကို အသေခံအကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်နိုင်ရန်ပင် အသင့်ပြင်ဆင်ပေးထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

အယ်လ်ခိုင်ဒါ အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်က အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပြင်သစ်နိုင်ငံကို ပစ်မှတ်ထားကြောင်း အစောပိုင်းက ထုတ်ဖော်ပြောကြားပြီးနောက် ဖြစ်လာနိုင်ဖွယ်တိုက်ခိုက်မှုများကို ရင်ဆိုင်ရန် ပြင်သစ်နိုင်ငံသည် လုံခြုံရေးအရ ပြင်ဆင်မှုများကို အဆင့်မြှင့်တင်ထားခဲ့သည်။

နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးခဲ့သော အကြမ်းဖက်သမားအဖြစ် သံသယဖြစ်ဖွယ် ငါးဦးတွင် အမျိုးသမီးတစ်ဦးပါဝင်ပြီး အားလုံးမှာ ပြင်သစ်နိုင်ငံသားများ ဖြစ်သည်။ ပြင်သစ်နိုင်ငံအတွက် အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ ခြိမ်းခြောက်မှုများသည် အမှန်တကယ် ကျန်ရှိနေဆဲဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ဆိုသည်။

အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် စက်တင်ဘာလအတွင်း လုံခြုံရေးဆိုင်ရာရှင်းလင်းမှုများ ပြုလုပ်ခဲ့ရသော အိုက်ဖဲလ်မျှော်စင်နှင့် ပတ်ဝန်းကျင်ဒေသများကို ယခု ဖမ်းဆီးမှုဖြစ်ပွားပြီး နောက်ပိုင်း မကြာမီမှာပင် လုံခြုံရေးအရ ရှင်းလင်းမှုများ ထပ်မံပြုလုပ်ခဲ့ရသည်။

**အမ်အင်အေ၊ ရိုက်တာ။**

## ကမ္ဘာပေါ်တွင် လက်နက်အများဆုံးရောင်းချသော နိုင်ငံအဖြစ် အမေရိကန်ရပ်တည်

**စတော့ဟုမ်း နိုဝင်ဘာ ၁၁ -** အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် လက်နက်ရောင်းချသော နိုင်ငံများစာရင်း၌ ထိပ်ဆုံးတွင် ရပ်တည်နေပြီး အစ္စရေး၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် အိန္ဒိယနိုင်ငံတို့သည် ဂျက်တိုက်လေယာဉ် အပါအဝင် လက်နက်အမြောက်အမြား ဝယ်ယူလျက်ရှိကြောင်း လေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်ကြားကာလအတွင်း တိုက်လေယာဉ် ၃၄၁ စင်း ရောင်းချခဲ့ရာ ယင်းကာလ မတိုင်မီ လွန်ခဲ့သည့် ငါးနှစ်က ရောင်းချခဲ့သည့် တိုက်လေယာဉ်စင်းရေထက် ပိုမိုများပြားခဲ့ကြောင်း၊ ရုရှားနိုင်ငံသည် ဒုတိယမြောက် တိုက်လေယာဉ်အများဆုံးရောင်းချသော နိုင်ငံအဖြစ်ရပ်တည်ခဲ့ကာ ရောင်းချခဲ့သော လေယာဉ်စင်းရေမှာ ၂၁၉ စင်းရှိ၍ ယင်းနိုင်ငံ နောက်တွင် ပြင်သစ်၊ တရုတ်နှင့် ဆွီဒင်နိုင်ငံတို့ အသီးသီးရပ်တည်နေကြောင်း စတော့ဟုမ်း အခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအဖွဲ့ (အက်စ်အိုင်ပီအာရ်အိုင်) ၏ အစီရင်ခံစာကို ကိုးကား၍ အေအက်ဖ်ပီ သတင်းဌာနက နိုဝင်ဘာ ၉ ရက်တွင် ဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် တိုက်လေယာဉ်အများဆုံးဝယ်ယူခဲ့သော နိုင်ငံများမှာ အစ္စရေး၊ ယူအေအီးနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး ယင်းနိုင်ငံများ၏ လက်နက်ဝယ်ယူအားမှာ ကမ္ဘာတစ်ဝန်းဝယ်ယူအား၏ သုံးပုံတစ်ပုံမျှရှိကြောင်း ဖော်ပြထားသည်။

တိုက်လေယာဉ်များ ရောင်းအားအဆင့်ဆင့်တက်လာခြင်းကြောင့် ကမ္ဘာတွင် ထပ်မံ၍ တည်ငြိမ်မှုမရှိသော ဒေသများ တိုးလာနိုင်သည်ဟု နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအဖွဲ့က သတိပေးခဲ့သည်။ **အင်တာနက်။**

## ရေကြောင်းမတော်တဆမှုကြောင့် တောင်ကိုရီးယားရေတပ်သင်္ဘောနစ်မြုပ်

**ဆိုးလ် နိုဝင်ဘာ ၁၁ -** တောင်ကိုရီးယားနိုင်ငံ ရေတပ်မှ ရေတပ်သင်္ဘောတစ်စင်းသည် ယင်းနိုင်ငံ၏ အနောက်တောင်ပိုင်း ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ငါးဖမ်းသင်္ဘောတစ်စင်းနှင့် တိုက်မိကာ နစ်မြုပ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်ကြားရေးတာဝန်ခံတစ်ဦးက ယနေ့ပြောကြားသည်။

နစ်မြုပ်ခဲ့သော တောင်ကိုရီးယားရေတပ်သင်္ဘောပေါ်တွင် သင်္ဘောသား ၃၀ လိုက်ပါလာပြီး ၂၈ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း နှစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

တန်ချိန် ၁၅၀ ရှိ ရေတပ်သင်္ဘောသည် ဂျီဂျူးကျွန်းအနောက်တောင်ဘက် ရေမိုင် ၅ ဒသမ ၄ မိုင် အကွာတွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီ ၅၀ မိနစ်တွင် တန်ချိန် ၂၇၀ ရှိသော ငါးဖမ်းသင်္ဘောနှင့် တိုက်မိနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် စီးပွားရေးအင်အားကြီး နိုင်ငံများအုပ်စု (ဂျီ-၂၀)နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ နှစ်ရက်ကြာထိပ်သီးညီလာခံတစ်ရပ်ပြုလုပ်စဉ် ရေတပ်သင်္ဘောနှင့် ငါးဖမ်းသင်္ဘောတို့ တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**



**ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း စီဘိုင်ဒေသတွင် နိုဝင်ဘာ ၁၀ ရက်က တိုက်ခိုက်ခံခဲ့ရသော နေတိုးလောင်စာဆီတင်ယာဉ်တစ်စီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။** [အဆိုပါ တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူတစ်ဦး သေဆုံးခဲ့ရသည်။]
(ဓာတ်ပုံ-အင်တာနက်)

# ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ(ခ)အငယ်လေးတို့၏ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုများ အမိန့်ချမှတ်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ) အငယ်လေးတို့တင်သွင်းခဲ့သော အထူးအယူခံမှု အမှတ် ၁၄/ ၂၀၁၀ နှင့် ဒေါ်အောင်ဆန်းစုကြည်တင်သွင်းခဲ့သော အထူးအယူခံမှု အမှတ် ၁၅/၂၀၁၀ တို့ကို တရားရုံးချုပ်(နေပြည်တော်)၌ ၂၉-၁၀-၂၀၁၀ ရက်က နှစ်ဖက်လျှောက်လဲချက်များ ကြားနာခဲ့သည်။

အထူးအယူခံရုံးက ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ)အငယ်လေးတို့အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ထားသည့်အမိန့်ကို အတည်ပြုပေးခဲ့သည့် တရားရုံးချုပ် (ရန်ကုန်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၁ (ခ) /၂၀၀၉ ၏ အမိန့်သည် မှန်ကန်မှုရှိကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ ပြစ်မှုပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့သည့်အမိန့်ကို အတည်ပြုပေးခဲ့သည့် တရားရုံးချုပ်(ရန်ကုန်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၀ (ခ)/ ၂၀၀၉ ၏ အမိန့်သည် မှန်ကန်မှုရှိကြောင်းတို့ကို ဖြေကြားပြီး အထူးအယူခံမှုအသီးသီးကို ပလပ်ခဲ့သည့် အမိန့်အား ယနေ့ချမှတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂ အရ လည်းကောင်း၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ(ခ)အငယ်လေးတို့အပေါ် အဆိုပါပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၀၉ အရလည်းကောင်း ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်များချမှတ်ခဲ့သည့်အမိန့်ကို ရန်ကုန်တိုင်းဒေသကြီး တရားရုံးနှင့် တရားရုံးချုပ်(ရန်ကုန်)တို့က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယခုအထူးအယူခံမှုများတွင်လည်း တရားရုံးအဆင့်ဆင့် အမိန့်များကို အတည်ပြုပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှုများကို ပလပ်ခြင်းဖြစ်ကြောင်း၊ ယခုအထူးအယူခံမှုများမှာ နောက်ဆုံး အယူခံခွင့်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်ပိုင်းစွန်းဒေသများ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ မင်းတပ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၁၂ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**နိုဝင်ဘာ ၁၂ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



# ပညာရေးငွေပဒေသာပင် လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)သို့ နတ်တလင်းမြို့နယ်သူ၊ မြို့နယ်သားများ ဖြစ်ကြသော ဒေါ်ခင်ရီနှင့် မောင်များဖြစ်ကြသော ဦးဇော်မင်း(အသင်းနာယက ဦးသန်းမောင်) မောင်နှမမိသားစုတို့က ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀၊ သက်ကြီးပူဇော်ပွဲ ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း၃၀ လှူဒါန်းပွဲကို ယမန်နေ့က FMI City ရွှေနှင်းဆီ (၂) လမ်း အမှတ် (ဂျေ-၆၄)၌ ကျင်းပသည်။

ငွေလှူဒါန်းပွဲ အခမ်းအနားသို့ နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်) နာယကများ၊ အမှုဆောင်များ တက်ရောက်ကြသည်။ ဆက်လက်၍ ငွေလှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင် ဒေါ်ခင်ရီနှင့် မောင်ဖြစ်သူ ဦးဇော်မင်းတို့က အသင်းနာယက ဆရာမကြီး ဒေါ်ဝင်းကြည်ထံ အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)** (၁၉)

# မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မိုးကောင်းမြို့နယ်အသင်းတွင် အသက်(၇၀)နှင့်အထက် ပုဂ္ဂိုလ်များ သက်ကြီးပူဇော်ပွဲနှင့် ဆဋ္ဌမအကြိမ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးမောင်ကြီး ဖုန်း- ၂၄၃၄၈၂၊ ဦးယုတင် ဖုန်း-၀၉-၅၁၆၄ ၅၉၈၊ ဦးထင်ဆိုက် ဖုန်း-၂၂၄၅၉၁၊ ဦးသန်းညွန့် ဖုန်း-၃၈၄၀၈၆၊ ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဦးတင်မောင်အုန်း ဖုန်း-၅၃၉၂၈၇၊ ဒေါက်တာမြင့်ဦး ဖုန်း-၀၉-၅၁၅၈၅၀၆၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉၅၂၉၊ ဦးအောင်သိန်း ဖုန်း-၃၈၃၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန်နှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၅ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

**ပြင်ဦးလွင် ရှစ်မိုင်သုသာန်တွင် ပြုပြင်တည်ဆောက်လျက်ရှိသော မီးသဂြိုဟ်စက်အတွက် ပြင်ဦးလွင်ခရိုင် ဖွံ့ဖြိုးရေးရန်ပုံငွေမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀၅ သိန်းကို နိုဝင်ဘာ ၂ ရက်က ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်က မြို့မိမြို့ဖ ဦးချစ်ဆွေ (ပြင်ဦးလွင်ချစ်ဆွေ) ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# ပညာရေးဝန်ကြီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၈ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပထမနှစ်သင်တန်း ဝင်ခွင့်ရသူများ စာရင်းကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးတွင် ကြေညာထားကြောင်း သိရှိရသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ဒီဇင်ဘာ ၁၂ ရက်မှစ၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီး၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ဒီလာဆာ ပညာရေးကျောင်း နှစ်(၁၅၀)ပြည့် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ ဒီလာဆာ ပညာရေးကျောင်း၏ နှစ်(၁၅၀)ပြည့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် (စနေနေ့)နံနက် ၁၀နာရီတွင် Chatrium Hotel ၌ ကျင်းပမည်ဖြစ်ရာ စိန့်ပက်ထရစ် (မော်လမြိုင်)၊ စိန့်ပေါလ် (ရန်ကုန်)၊ စိန့်ပီတာ(မန္တလေး)၊ ဒီလာဆာ(တွံတေး)၊ စိန့်အဲ(လ်)ဘတ်(ပြင်ဦးလွင်)၊ စိန့်ဂျိုးဇက်(လွိုင်ကော်)၊ စိန့်ကိုလံဘတ်(မြစ်ကြီးနား)၊ စိန့်အန်ထော်နီ(ရန်ကုန်)၊ စိန့်ထရီဇာ(ရန်ကုန်-အလုံ)၊ လာဆာစင်တာ (ရန်ကုန်)ကျောင်းများမှ ကျောင်းသားဟောင်းများသည် ဦးဟန်ထွန်းမောင် စိန့်ပေါလ်(စိန်လျံစားသောက်ဆိုင်)ဖုန်း-၅၄၈၄၈၂၊ ၅၅၁၅၂၀၊ ဦးစိုးညွန့် စိန်ပေါလ်(တော်ဝင်နှင်းဆီစားသောက်ဆိုင်)ဖုန်း-၅၄၂၇၁၉၊ ၀၉-၅၀၁၃၆၂၀၊ ဦးအောင်မင်းဝင်း စိန့်အဲ(လ်)ဘတ် ဖုန်း-၄၀၀၀၆၄၊ ၅၄၁၅၈၅နှင့် ဦးပီတာလင်း စိန့်အဲ(လ်)ဘတ် ဖုန်း-၀၉-၅၁၂၉၆၉၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၁-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -မီးခိုးရောင်ဝံပုလွေ (အပိုင်း-၂)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၂)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ သံစဉ်များနှင့်ကမ္ဘာ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၄)**
- ၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

သင့်သွေးဖြင့် အသက်ကယ်ပါ

# KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက ကြာအင်းဆိပ်ကြီးမြို့သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၁**

KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြု၍ လုပ်ဆောင်လျက်ရှိရာ KNU အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီခန့်မှ ည ၁၁ နာရီခန့်အထိ တဂေးနှင့် ကျခတ်ချောင်းကျေးရွာတို့ဘက်မှ လက်နက်ကြီးများဖြင့် ကြာအင်းဆိပ်ကြီးမြို့သို့ ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့မှ တစ်မိုင်ခန့်အကွာရှိ ကြာအင်းကြီးကျေးရွာသို့ လက်နက်ကြီး ကျည်အချို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ၎င်းရွာနေ ပဥ္စမတန်းကျောင်းသူ နော်တံတားဖော ၁၃ နှစ်မှာ ခေါင်းတွင် လက်နက်ကြီးစထိမှန် သေဆုံးပြီး ၎င်း၏အစ်ကိုဖြစ်သူ စောထူးထူးဘော ၁၆ နှစ်မှာ လက်နက်ကြီးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးဝါးကုသမှုများ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## မက္ကဆီကိုကမ်းလွန်တွင် သောင်တင်နေသည့် အပျော်စီးသင်္ဘော ဆွဲသင်္ဘောများက ပြန်ဆွဲလာ

**စန်ဒီယေဂို နိုဝင်ဘာ ၁၁**

မက္ကဆီကို ကမ်းလွန်တွင် အင်ဂျင်မီးလောင်၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်ကာ သောင်တင်နေသည့် ပင်လယ်ခရီး အပျော်စီးသင်္ဘောကြီးကို ဆွဲသင်္ဘောများဖြင့်ဆွဲလာရာ စန်ဒီယေဂိုပင်လယ်အော်အတွင်းသို့ ကြာသပတေးနေ့ အရုဏ်တက်ချိန်ခန့်တွင် ရောက်ရှိကြောင်း အေပီသတင်းတစ်ပုဒ်၌ ဖော်ပြထားသည်။

"ကာနီဗဲလ်ဆက်ပ်လန်ဒါး" အပျော်စီး ဇိမ်ခံသင်္ဘောကြီးသည် နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားစဉ် ကယ်လီဖိုးနီးယားပြည်နယ် စန်ဒီယေဂိုမြို့တောင်ဘက် မိုင် ၂၂၀ (၃၁၀ ကီလိုမီတာ)အကွာ၌ ရှိနေခဲ့သည်ဟု ယင်းသင်္ဘောလိုင်းတာဝန်ရှိသူက ပြောကြားခဲ့သည်။



ယင်းသင်္ဘောကြီးသည် မက္ကဆီကိုနိုင်ငံ ရီဗီဒါသို့ ခုနစ်ရက်ကြာ အပန်းဖြေခရီးစဉ်အဖြစ် ကယ်လီဖိုးနီးယားပြည်နယ် လောင်းပင်လယ် အပန်းဖြေဆိပ်ကမ်းမှ နိုဝင်ဘာ ၈ ရက်က ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ သင်္ဘောပေါ်တွင် ခရီးသည် ၃၂၉၉ ဦးနှင့် သင်္ဘောသား ၁၁၆၇ ဦးတို့ လိုက်ပါလာခဲ့ကြသည်။ ***အေပီ။***

**"ကာနီဗဲလ်ဆက်ပ်လန်ဒါး" အပျော်စီး ဇိမ်ခံသင်္ဘောကြီးအား မီးလောင်သောင်တင်မှု မဖြစ်ပွားမီ တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

### ထူးခြားသည့် ညအပူချိန်များ (၁၁-၁၁-၂၀၁၀)

| | | |
|---|---|---|
| နမ့်စန် | ၆ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၆ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၇ | ဒီဂရီစင်တီဂရိတ် |

### မှတ်သားဖွယ်ရာမိုးရေချိန်

၁၁-၁၁-၂၀၁၀

ကော့သောင်း ၀ ဒသမ ၁၂ လက်မ

**ယခု ကျင်းပပြီးစီးခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ယခင်ဖွဲ့စည်းထားသည့် (၅)ပါတီ အပါအဝင် (၃၇)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့။ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီများရှိသကဲ့သို့ မဲဆန္ဒရှင်အများ၏ ထောက်ခံမှုကို ရရှိရန်လိုအပ်သည့် ပါတီများလည်းရှိ။ ယင်းပါတီများသည် ယခုတစ်ကြိမ်ထက် နောက်တစ်ကြိမ်တွင် မိမိအား ထောက်ခံသူ၊ ကြိုက်နှစ်သက်ဆန္ဒပေးလိုသူ များလာအောင် စိတ်ရှည်လက်ရှည် ကြိုးစားနေကြရန်လိုအပ်။**

ဥပဒေလေ့လာသူတစ်ဦး၏ "လက်ဆွဲနှုတ်ဆက် လက်တွဲချီတက်ကြပါစို့" (စာမျက်နှာ- ၈၊ ၉)

### အချုပ်ပို( ၈ )မျက်နှာပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အခြေအနေ အချုပ်ပို( ၈ )မျက်နှာ ပါရှိပါသည်။